## ဓမ္မခန္ဓာ (၉၂) ညအမိုက် (အလ်–လိုင်းလ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၅)၊ သုတ်ဒေသနာ (၂၁)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **وَاللَّيْلِ إِذَا يَغْشَى**۞<br>ည ၎င်းအား ဖုံးကွယ်စေစဉ်–အားဖြင့်၊ |
| ၂။ | **وَالنَّهَارِ إِذَا تَجَلَّى**۞<br>နေ့ ၎င်းအား ထင်ရှားစေစဉ်– အားဖြင့်၊ |
| ၃။ | **وَمَا خَلَقَ الذَّكَرَ وَالْأُنثَى**۞<br>လိင်ဖို၊ လိင်မတို့အား ဖြစ်တည်စေသော အရာ အားဖြင့်– |
| ၄။ | **إِنَّ سَعْيَكُمْ لَشَتَّى**۞<br>သင်တို့၏ ကြိုးစားမှုများကို ကေန်ပင် အထွေထွေအပြားပြား ဖြစ်စေ၏။ |
| ၅။ | **فَأَمَّا مَن أَعْطَى وَاتَّقَى**۞<br>အကြင်သူသည် ပေးကမ်း၏၊ စည်းစောင့်၏၊– |
| ၆။ | **وَصَدَّقَ بِالْحُسْنَى**۞<br>ကောင်းမှုအား ဖြောင့်မှန်စေ၏။ |
| ၇။ | **فَسَنُيَسِّرُهُ لِلْيُسْرَى**۞<br>ငါသည် သူ့အား လွယ်ကူမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၈။ | **وَأَمَّا مَن بَخِلَ وَاسْتَغْنَى**۞<br>အကြင်သူသည် စီးကပ်၏၊ ကုံလုံပြည့်စုံပြီဟုထင်၏။ |
| ၉။ | **وَكَذَّبَ بِالْحُسْنَى**۞<br>ကောင်းမှုအား ငြင်းဆန်၏။ |
| ၁၀။ | **فَسَنُيَسِّرُهُ لِلْعُسْرَى**۞<br>ငါအရှင်သည် သူ့အား ခက်ခဲမှုဆီသို့ လွယ်ကူစေတော်မူပြီ။ |
| ၁၁။ | **وَمَا يُغْنِي عَنْهُ مَالُهُ إِذَا تَرَدَّى**۞<br>သူ၏ ကျဆုံးချိန်၌ သူ့ဥစ္စာက သူ့အား မပြည့်စုံစေတော့ချေ။ |

| | |
|---|---|
| ၁၂။ | إِنَّ عَلَيْنَا لَلْهُدَى۞<br>ကေန်ပင် လမ်းညွှန်ပေးခြင်းမှာ ငါ၏ ဝန်တာသာ ဖြစ်၏။ |
| ၁၃။ | وَإِنَّ لَنَا لَلْآخِرَةَ وَالْأُولَى۞<br>ကေန်ပင် နောင်ဘဝ၊ ရှေးဘဝတို့သည် ငါ့အပေါ်၌သာ တည်၏။ |
| ၁၄။ | فَأَنذَرْتُكُمْ نَارًا تَلَظَّى۞<br>သို့ဖြစ်၍ မီးလျှံပြောင်ပြောင်တောက်နေသော အပူမီးအကြောင်း သင်တို့အား သတိဖေါ်ပေးတော်မူပြီ။ |
| ၁၅။ | لَا يَصْلَاهَا إِلَّا الْأَشْقَى۞<br>ယင်းသည် ချိုးဖျက်သူကိုသာ[၁၁၆၆] တစ်သားတည်း ဖြစ်စေလတ္တံ့။ |
| ၁၆။ | الَّذِي كَذَّبَ وَتَوَلَّى۞<br>သူသည် ငြင်းဆန်၏၊ ထို့နောက် လှည့်သွား၏– |
| ၁၇။ | وَسَيُجَنَّبُهَا الْأَتْقَى۞<br>ယင်းသည် စည်းစောင့်သူတို့ထံမှ ရှောင်လွဲသွားသည် မည်၏။ |
| ၁၈။ | الَّذِي يُؤْتِي مَالَهُ يَتَزَكَّى۞<br>သူသည် ဥစ္စာပစ္စည်းအား ပေးလှူလျှက် စင်ကြယ်သန့်ရှင်းစေ၏။ |
| ၁၉။ | وَمَا لِأَحَدٍ عِندَهُ مِن نِّعْمَةٍ تُجْزَى۞<br>သူ့ထံ၌ သူ့အား ဂုဏ်ပေး ဆုချမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိဘဲလျှက်– |
| ၂၀။ | إِلَّا ابْتِغَاءَ وَجْهِ رَبِّهِ الْأَعْلَى۞<br>အမြင့်မြတ်ဆုံးသော ကံကြမ္မာရှင်၏ မျက်နှာတော်ရခြင်းကိုသာ ရှာမှီးခဲ့၏။ |
| ၂၁။ | وَلَسَوْفَ يَرْضَى۞<br>သူ့အား မကြာမီ ကျေနပ်နှစ်သက်ရစေလတ္တံ့။ |

---

(၁၁၆၆) **الْأَشْقَى၊ အာ့ချ်ကာဟ်** ဆိုသည်မှာ ဂိုဏ်းခွဲသူ၊ အကျင့်စာရိတ္တချိုးဖေါက်သူ၊ ကတိသစ္စာအား ချိုးဖျက်သူ–ဟု အနက်ပေးပေသည်။